**Tounge Là Yat Community College**
Kawkhadee Village, Ohntapin Village Tract, Hpa-an Township,
Kayin State, Myanmar
Phone: 09-404684545, E-mail: hpaantccinfo@toungelayatcollege.org

# Associate of Arts in Community Development

## သင်တန်း အမှတ်စဉ် (၂) ဝင်ခွင့်လမ်းညွှန်

**(ဇန်နဝါရီလ ၂၀၂၇ မှ ဒီဇင်ဘာလ ၂၀၂၈)**

**ဤလမ်းညွှန်ကို သေချာစွာ ဖတ်ရှုပြီးမှ ဝင်ခွင့်လျှောက်လွှာကို ဖြည့်စွက်ပါ။**

**Tounge Là Yat Community College (TCC)** သည် ကရင်ပြည်နယ် ဘားအံမြို့တွင် တည်ရှိပြီး သင်တန်းကျောင်း၏ အဓိကရည်ရွယ်ချက်မှာ စဉ်ဆက်မပြတ် လေ့လာသင်ယူ၍ မိမိဝန်းကျင် ဒေသအား ကောင်းမွန်သော၊ အကျိုးဖြစ်ထွန်းသော သင်တန်းသား/သူများ မွေးထုတ် ပေးနိုင်ရန် ဖြစ်သည်။ သင်တန်းသား/သူများ၊ ဆရာ/မများနှင့် ဒေသခံပြည်သူများ အချင်းချင်း ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရသော ပတ်ဝန်းကျင်တွင် အပြန်အလှန် လေးစား နားလည်၍ တာဝန်သိ၊ တာဝန်ယူတတ်သော လူငယ်များ ဖြစ်လာစေရန်လည်း **Tounge Là Yat Community College** မှ ပျိုးထောင်ပေးသွားမည်ဖြစ်သည်။ **Tounge Là Yat Community College** သည် အရည်အချင်း ပြည့်မီမှု၊ ပူးပေါင်းပါဝင်လုပ်ဆောင်တတ်မှု၊ တာဝန်သိစိတ်ရှိမှုတို့ကို ပင်မထား၍ ဖွဲ့စည်းဖွင့်လှစ် ထားပါသည်။

### သင်တန်းကျောင်း၏ နောက်ခံသမိုင်းကြောင်း

**Tounge Là Yat Community College** သည် ဒေသအကျိုးပြုပညာရေးအဖွဲ့ဖြစ်ပြီး ကရင်ပြည်နယ်ရှိ နိုင်ငံခြားပညာသင်ဆုရ ကရင်ကျောင်းသား/သူဟောင်းများ၊ ဒေသအတွင်း တက်ကြွစွာ လှုပ်ရှားလျက်ရှိသော လူငယ်များ၊ အမျှော်အမြင်ရှိသော ဘာသာရေး ခေါင်းဆောင်ကြီးများနှင့် လူမှုရေးအဖွဲ့အစည်းများတွင် ပါဝင်သော ခေါင်းဆောင်ကြီးများဖြင့် ၂၀၁၂ ခုနှစ်တွင် စတင် တည်ထောင်ခဲ့သည်။ **Tounge Là Yat Community College** သည် ကရင်ပြည်နယ်နှင့် ဒေသအသီးသီးမှ ကျောင်းသား/သူများ စုစုပေါင်း (၃၆) ဦးအား လူမျိုးဘာသာ ခွဲခြားမှုမရှိပဲ နှစ်စဉ်နှစ်တိုင်း ရွေးချယ် လက်ခံလျက်ရှိပါသည်။

**သင်တန်းကျောင်း၏ မျှော်မှန်းချက်**

အပြုသဘောဆောင်သော ပြောင်းလဲမှုများကို ဖော်ဆောင်နိုင်သည့် စွမ်းရည်ပြည့်ဝသော လူငယ်ခေါင်းဆောင်များ မြန်မာနိုင်ငံတွင် ပိုမိုပေါ်ထွန်းရေးကို ကျွန်ုပ်တို့ မျှော်မှန်းပါသည်။

**သင်တန်းကျောင်း၏ လုပ်ငန်းစဉ်**

မတူကွဲပြားသော လူမျိုး၊ ဘာသာ၊ ရိုးရာယဉ်ကျေးမှုနှင့်ဒေသများမှ အလားအလာရှိသော လူငယ်များကို ၄င်းတို့၏ ဒေသအတွင်း အပြုသဘောဆောင်သည့် ပြောင်းလဲမှုများ ဖော်ဆောင်နိုင်ရန် လိုအပ်သော စွမ်းရည်များ မြှင့်တင်ပေးရန်နှင့် အသိပညာ၊ အတတ်ပညာများ ထောက်ပံ့ပေးရန် ဖြစ်ပါသည်။

**သင်တန်းကျောင်း၏ ရည်ရွယ်ချက်များ**

၁။ အရည်အသွေးပြည့်ဝသော ပညာရေးဝန်ဆောင်မှုပေးခြင်းအားဖြင့် သင်တန်းသား/သူများ၏ စွမ်းရည်နှင့် အတတ်ပညာများကို မြှင့်တင်ရန်။

၂။ ဒေသအတွင်းရှိ ပြည်သူများအတွက် အကျိုးပြုသော အခန်းကဏ္ဍများတွင်သင်တန်းသား/သူများ၏ ပါဝင်လုပ်ဆောင်ခြင်းကို မြှင့်တင်ရန်။

၃။ အားလုံးပါဝင်မှုနှင့် သာတူညီမျှမှုကို လမ်းညွှန်ခြင်းနှင့် ထောက်ပံ့ခြင်းအားဖြင့် မြှင့်တင်ရန်။

**သင်တန်းကျောင်း၏ စံတန်ဖိုးများ**

- စုံလင်ကွဲပြားမှု (Diversity)
- သာတူညီမျှမှု (Equity)
- အရည်အသွေးပြည့်ဝမှု (Quality)
- ရေရှည်တည်တံ့မှု (Sustainability)

## လျှောက်ထားသူ၏ လိုအပ်ချက်များ

- အသက် ၁၈ နှစ်ပြည့်ပြီးသူ
- အထက်တန်းအောင်မြင်ပြီးသူ (သို့) အထက်တန်းနှင့်လျော်ညီသော ပညာအရည်အချင်းရှိသူ
  (အထက်တန်းမအောင်မြင်သော်လည်း ဝင်ခွင့်အရည်အချင်းပြည့်မီပါက ထည့်သွင်းစဉ်းစား ပေးပါမည်။)
- အင်္ဂလိပ်စာ အခြေခံ (Elementary) အဆင့်ရှိထားသူ
  (**English Intensive Course - 7th September to 27th November, 2026** ကို တက်ရောက်နိုင်ရမည်။)
- ပညာဆည်းပူးရန် စိတ်အားထက်သန်သူ/အခက်အခဲရှိသူ
- မိမိရပ်ရွာအတွက် အကျိုးပြု ဆောင်ရွက်လိုသူ/ဆောင်ရွက်မည့်သူ
- လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားသူ/လုပ်ဆောင်မည့်သူ
- ခေါင်းဆောင်မှုစွမ်းရည် အလားလာရှိသူ/ဦးဆောင်ဦးရွက်ပြုလိုသူ
- ကျန်းမာရေးကောင်းမွန်ပြီး အဆောင်စည်းကမ်းနှင့်အညီ နေနိုင်သူ
- အများနှင့်အတူ လိုက်လျောညီထွေစွာ နေထိုင်နိုင်သူ
- သင်တန်းကာလ (၂)နှစ်ကို ပြီးမြောက်အောင် တက်ရောက်နိုင်သူ

## လျှောက်ထားပုံ အဆင့်ဆင့်

**အဆင့် ၁။ ။ လျှောက်လွှာရယူခြင်း။**

လျှောက်လွှာများကို လျှောက်လွှာရယူပေးပို့နိုင်သည့် နေရာများတွင် **ဇွန်လ (၁၅)ရက်၊ ၂၀၂၆ ခုနှစ်**မှ စ၍ ရယူနိုင်ပါသည်။ **Tounge Là Yat Community College ၏ Facebook Page** တွင်လည်း **Download** ရယူနိုင်ပါသည်။

**အဆင့် ၂။ ။ လျှောက်လွှာဖြည့်စွက်ခြင်း။**

လျှောက်လွှာဖြည့်စွက်ရာတွင် ရှင်းလင်းပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

**လျှောက်ထားရာတွင် လိုအပ်သော စာရွက်စာတမ်းများ**

၁။ ပြည့်စုံစွာ ဖြည့်ထားသော လျှောက်လွှာ

(လျှောက်လွှာတွင် မိဘ (သို့) အုပ်ထိန်းသူ၏ ထောက်ခံချက်နှင့် ရပ်ကွက်ကျေးရွာ လူမှုအဖွဲ့အစည်းများမှ ထောက်ခံချက်ပါရှိရမည်။ မှတ်ပုံတင် (သို့) ယာဉ်မောင်းလိုင်စင် (သို့) မွေးစာရင်း ပါရှိရပါမည်။)

၂။ ပညာရေးနှင့်ဆိုင်သော စာရွက်စာတမ်းများ

(အထက်တန်းအောင်လက်မှတ်၊ ဘွဲ့လက်မှတ်၊ အခြားသင်တန်းဆင်း လက်မှတ်များ)

**(ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။)**

**အဆင့် ၃။ ။ လျှောက်လွှာပေးပို့ခြင်း။**

လျှောက်လွှာများကို လျှောက်လွှာရယူပေးပို့နိုင်သည့် နေရာများသို့ **ဇူလိုင်လ (၂၄)ရက်၊ ၂၀၂၆ ခုနှစ်၊ ညနေ (၄း၀၀) နာရီ** နောက်ဆုံးထား၍ သတ်မှတ်ထားသော နေရာများတွင် ပြန်လည်ပေးပို့ရပါမည်။

(မှတ်ချက် - လျှောက်လွှာများကို hpaantccinfo@toungelayatcollege.org အီးမေးလ်မှတစ်ဆင့်လည်း ပေးပို့နိုင်ပါသည်။)

**အဆင့် ၄။ ။ ဝင်ခွင့်စာမေးပွဲနှင့် အင်တာဗျူး လာရောက်ဖြေဆိုရန် အကြောင်းကြားခြင်း။**

ဝင်ခွင့်စာမေးပွဲနှင့်အင်တာဗျူး ဖြေဆိုရန် ရွေးချယ်ခြင်းခံရသူများအား ဝင်ခွင့်စာမေးပွဲနှင့် အင်တာဗျူးပြုလုပ်မည့် နေရာနှင့် နေ့ရက်များကို ဇူလိုင်လ နောက်ဆုံးအပတ်တွင် သင်တန်းကျောင်းမှတဆင့် ပြန်လည်ဆက်သွယ် အကြောင်းကြားပေးပါမည်။

( **ဩဂုတ်လ ပထမအပတ်နှင့် ဒုတိယအပတ်သည်** ဝင်ခွင့် စာမေးပွဲနှင့် အင်တာဗျူး ဖြေဆိုရမည့် ကာလဖြစ်သည်။ )

**အဆင့် ၅။ ။ ကျောင်းဝင်ခွင့်ရရှိသူများကို အကြောင်းကြားခြင်း။**

သင်တန်းကျောင်းဝင်ခွင့်ရရှိသူများကို **ဩဂုတ်လ (၁၇) ရက်နေ့**မှ စ၍ တစ်ဦးချင်းဆီထံသို့ တိုက်ရိုက် (သို့) သက်ဆိုင်ရာ လူကြီးထံမှတစ်ဆင့် အကြောင်းကြားပေးပါမည်။

**အဆင့် ၆။ ။ ဝင်ခွင့်ရရှိသူများမှ သင်တန်းကျောင်းကိုတက်ရောက်နိုင်ကြောင်း အတည်ပြု အကြောင်းကြားခြင်း။**

ဝင်ခွင့်ရရှိသူများသည် သင်တန်းကျောင်းတက်ရောက်နိုင်ကြောင်းကို **ဩဂုတ်လ (၂၈) ရက်နေ့** နောက်ဆုံးထားပြီး အတည်ပြု အကြောင်းကြားပေးရပါမည်။ **တက်ရောက်နိုင်ကြောင်း အတည်ပြုရာတွင် သင်တန်းအာမခံကြေး (Deposit) (၃၀၀,၀၀၀) ကျပ် တိတိပေးသွင်းရပါမည်။ English Intensive Course နှင့် (၂) နှစ်တာ သင်တန်းကာလပြီးမြောက် အောင်မြင်မှသာလျှင် သင်တန်းအာမခံကြေး ကို ပြန်လည်ထုတ်ပေးပါမည်။ အကြောင်းအမျိုးမျိုးကြောင့် သင်တန်း ပြီးမြောက်အောင် တက်ရောက်နိုင်ခြင်း မရှိပါက အာမခံငွေအားလုံး၀ ပြန်လည် ထုတ်ပေးမည် မဟုတ်ပါ။**

**(အချိန်မီ ပြန်လည်အကြောင်းကြားခြင်းမရှိပါက မိမိနေရာတွင် အခြားသင်တန်းသား/သူကို အစားထိုးသွားပါမည်။)**

**အဆင့် ၇။ ။ လစ်လပ်နေရာအစားထိုးခြင်း။**

လစ်လပ်နေရာများရှိပါက စောင့်ဆိုင်းစာရင်းဝင်သူများကို ဆက်သွယ်အကြောင်းကြားပြီး အစားထိုး သွားပါမည်။

**အဆင့် ၈။ ။ သင်တန်းစတင်တက်ရောက်ခြင်း။**

ဝင်ခွင့်ရရှိထားသော သင်တန်းသား/သူများသည် **ဇန်နဝါရီလ (၃)ရက်နေ့၊ ၂၀၂၇ နောက်ဆုံးထား၍** သင်တန်းကျောင်းသို့ ရောက်ရှိရမည်ဖြစ်ပြီး **ဇန်နဝါရီလ (၅)ရက်နေ့၊ ၂၀၂၇** မှ စ၍ သင်တန်းစတင်တက်ရောက်ရမည် ဖြစ်သည်။

**လျှောက်ထားသူများသိထားရမည့် နေ့ရက်များ**

| | |
|---|---|
| ၁၅ ဇွန်လ ၂၀၂၆ | လျှောက်လွှာ စတင်ရယူနိုင်သည့် နေ့ရက် |
| ၂၄ ဇူလိုင်လ ၂၀၂၆ | လျှောက်လွှာများကို နောက်ဆုံးထားပေးပို့ရမည့် နေ့ရက် |
| ဩဂုတ်လ ပထမအပတ်နှင့် ဒုတိယအပတ် ၂၀၂၆ | ဝင်ခွင့်စာမေးပွဲနှင့် အင်တာဗျူး ဖြေဆိုရမည့် ရက်များ |
| ဩဂုတ်လ ၁၇ ရက် , ၂၀၂၆ | ဝင်ခွင့်စာမေးပွဲရလဒ်ကို အကြောင်းကြားမည့် နေ့ရက် |
| ဩဂုတ်လ ၂၈ ရက်, ၂၀၂၆ | တက်ရောက်ရန် နောက်ဆုံးထားအကြောင်းကြားရမည့် နေ့ရက် |
| ၇ စက်တင်ဘာလ ၂၀၂၆ | **English Intensive Course** တက်ရောက်ရမည့်သူများ နောက်ဆုံးထား ရောက်ရှိရမည့် နေ့ရက် ***(သင်တန်းကာလ - ၇ စက်တင်ဘာလ မှ ၂၇ နိုဝင်ဘာ ၂၀၂၆)*** |
| ၃ ဇန်နဝါရီလ ၂၀၂၇ | (၂)နှစ်တာ သင်တန်းအတွက် ကျောင်းသို့ နောက်ဆုံးထား ရောက်ရှိရမည့် နေ့ရက် |
| ၅ ဇန်နဝါရီလ ၂၀၂၇ | (၂)နှစ်တာ သင်တန်းကျောင်း စတင်ဖွင့်လှစ်မည့် နေ့ရက် |

**မှတ်ချက်။ ။ သင်တန်းကျောင်းဝင်ခွင့်ရသူများသည် English Intensive Course ကို (စက်တင်ဘာလ ၇ ရက်နေ့မှ နိုဝင်ဘာလ၂၇ ရက်နေ့၊ ၂၀၂၆) ထိ ကြိုတင်တက်ရောက်ရမည်။**

## သင်တန်းကြေးဆိုင်ရာ အချက်အလက်များ

### သင်တန်းကြေးနှင့် အဆောင်စရိတ်များ

| အကြောင်းအရာ | လစဉ် ကုန်ကျငွေ |
|---|---|
| အဆောင်စရိတ် | ၃၀,၀၀၀ ကျပ် |
| စားစရိတ် | ၁၃၀,၀၀၀ ကျပ် |
| သင်တန်းကြေး | ၄၀,၀၀၀ ကျပ် |
| **စုစုပေါင်း** | **၂၀၀,၀၀၀ ကျပ်** |
| **တစ်နှစ်တာ စုစုပေါင်း ကုန်ကျငွေ** | **၂,၄၀၀,၀၀၀ ကျပ်** |

ငွေကြေးအခက်အခဲရှိသော သင်တန်းသား/သူများအနေဖြင့်လည်း **ပညာသင်ဆု (Scholarship)** လျှောက်ထားနိုင်ပါသည်။

***(ပညာသင်ဆုများသည် အကန့်အသတ်ဖြင့်သာ ရှိသောကြောင့် အမှန်တကယ် လိုအပ်မှသာ လျှောက်စေလိုပါသည်။)***

### ပညာသင်ဆုဆိုင်ရာ အချက်အလက်များ

- ငွေကြေးအခက်အခဲ အမှန်တကယ်လိုအပ်သူ ဖြစ်ရမည်။
- ပညာသင်ကြားရန်အတွက် စိတ်အားထက်သန်ပြီး ကြိုးစားလိုစိတ်ရှိသူ ဖြစ်ရမည်။
- ပညာသင်ဆုကို **(၆) လတစ်ကြိမ်** ပြန်လည်လျှောက်ထားရပါမည်။
- ပညာသင်ဆုမှာ အကန့်အသတ်ဖြင့်သာရှိသောကြောင့် ပညာသင်ဆုရရှိခြင်း/မရရှိခြင်းမှာ ပညာသင်ဆု ရွေးချယ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်သာဖြစ်သည်။

## လျှောက်လွှာများရယူပေးပို့နိုင်သည့် နေရာများ

**ဘားအံမြို့နယ်**

**၁။ နန်းမိနှင်းလေး**

**လိပ်စာ** - Tounge Là Yat Community College၊ ကော့ခါးဒီးကျေးရွာ၊ အုန်းတပင်ကျေးရွာ အုပ်စု၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။

**ဖုန်း** - ၀၉ ၄၀၄ ၆၈၄၅၄၅၊ ၀၉ ၇၉၀ ၈၇၀၄၄၆

**၂။ ဆရာ စဖောင်းဘွား**

**လိပ်စာ -** Hpu Hsan Hpaw Education Center၊ ဒုံရင်းမိခင်အသင်းတော် (သို့) ပိုင်ရန်းဘုရားကျောင်း၊ ပိုင်ရန်းရွာ၊ ဘားအံမြို့။

**ဖုန်း -** ၀၉ ၇၉၄ ၈၉၁၂၃၆

**၃။ မဌေးဌေးလှိုင်**

**လိပ်စာ** - Youth Learning Centre (YLC)၊ ကမော့ကစင်ရွာ၊ ဘားအံမြို့။

**ဖုန်း** - ၀၉ ၇၆၄ ၆၁၁၄၅၁

**၅။ နန်းခင်လင်း**

**လိပ်စာ** - ခလိန်းခလိန်းဆေးဆိုင်၊ ဘားအံ-မြဝတီလမ်း၊ အိန္ဒုဈေးရှေ့၊ ဘားအံမြို့။

**ဖုန်း** - ၀၉ ၂၅၅ ၇၄၃၉၇၃၊ ၀၉ ၇၉၀ ၁၅၂၁၂၄၇၊ ၀၉ ၇၇၀ ၀၆၆၅၀၀

**၆။ စောမျိုးနိုင်ဦး**

**လိပ်စာ -** တော်ပုံအင်ကြင်းဖိုဘုန်းကြီးကျောင်း၊ လုမ္ဗနီမုဒ်ဝလေး တော်ပုံရွာ၊ ဘားအံမြို့။

**ဖုန်း -** ၀၉ ၆၇၈ ၅၂၁၆၈၆၊ ၀၉ ၇၉၄ ၄၀၈၀၆၈

**၇။ ဆရာမ စန္ဒာဦး**

**လိပ်စာ -** BEE Wisdom Education Center၊ အမှတ် (၅)၊ ဘားကပ်စံပြကျေးရွာ၊ ဘားအံမြို့။

**ဖုန်း -** ၀၉ ၇၈၃ ၄၃၀၀၉၅

**၈။ စောအောင်လှထွန်း**

**လိပ်စာ** - ယူ·ယိင်ယှူး ပညာ့လင်·ဒူ (Yú Yein Shū Learning Center)၊ ထားဝယ်အံရွာ၊ လှာကမြင်ကျေးရွာအုပ်စု၊ ဘားအံမြို့နယ်။

**ဖုန်း** - ၀၉ ၇၈၂ ၁၁၂၅၈၃

**မော်လမြိုင်မြို့နယ်**

**၁။ Fr.Augustine Shwe**

**လိပ်စာ** - Holy Family Cathedral, Upper road, Mawlamyine.

**ဖုန်း** - ၀၉ ၇၆၆ ၆၂၅၉၀၈

**လှိုင်းဘွဲမြို့နယ်**

**၁။ စောအောင်မျိုးဇော်လတ်**

**လိပ်စာ** - ဒေါန (၁) လမ်း၊ (က) ရပ်ကွက်၊ လှိုင်းဘွဲမြို့။

**ဖုန်း** - ၀၉ ၇၅၇ ၃၄၄၄၁၂

**၂။ စောအောင်ကျော်မြင့်**

**လိပ်စာ** - ပေါင်ကျေးရွာ၊ လှိုင်းဘွဲမြို့နယ်။

**ဖုန်း** - ၀၉ ၈၈၃ ၉၉၀၆၈၇

**သံတောင်ကြီးမြို့နယ်**

**၁။ နော်ဂိုးဒင်းရင်း**

**လိပ်စာ** - ရပ်ကွက် (၂)၊ မလေးကုန်းလမ်းရှေ့အိမ်၊ သံတောင်ကြီးမြို့။

**ဖုန်း** - ၀၉ ၆၆၉ ၁၀၄၂၅၉၊ ၀၉ ၈၉၂ ၁၇၂၉၈၀

**တောင်ငူမြို့**

**၁။ Saw Nay Blute Ar**

**လိပ်စာ** - Show Your Kindness Learning Center, 23 W, ChinthaeOo, Tounggoo, Bago Region

**ဖုန်း** - ၀၉ ၇၇၈ ၉၃၆၆၅၅၊ ၀၉ ၉၆၇ ၁၃၈၅၄၈

-----------------------------------------------------------------------------------------